သူက တက္ကသိုလ် မြန်မာအဘိဓာန်မှာ ပုံဆွဲဆရာဖြစ်ပြီး မြန်မာဝိသုကာဆိုင်ရာ ပုံတွေ ဆွဲတတ်ဖို့ အညာဘုန်းကြီးကျောင်းတွေကို သွားပြီး လေ့လာတယ်။ သုတေသနခရီးထွက်ပြီး အချက်အလက် စုဆောင်းတဲ့နေရာမှာ ကိုနန်းဝေ သိပ် ကောင်းတယ်။ သိပ်ကြိုးစားတယ်။

ဒေါက်တာသန်းထွန်း

ဆရာဦးနန်းဝေရဲ့ရေးဟန်ဟာ ပကတိမြင်ကွင်းတွေကို ရေးပေမဲ့ ဟန်က မော်ဒန်ဘက် အထူးသဖြင့် Impressionism ဘက်ကိုကူးတယ်။ နောက် ဆရာဆက်ရေးရင် ဆရာဟာ Expressionism အထိ ရောက်လာနိုင်တယ်။ ဒီဘက်ပိုင်းရောက်လာတော့ အသက်အရွယ် ရောက်လာပြီ။ စိတ်အားတွေ လျော့ပါးလိုက်လာပြီ။ ဒါဟာလည်း သဘာဝပဲထင်ပါတယ်။ ဒါပေမဲ့ ဆရာက ဟို တစ်ခေတ်တစ်ခါက နာမည်တစ်လုံး ကျန်ခဲ့အောင် ကြိုးပမ်းအား ထုတ်သွားတဲ့ ပညာရှင်တစ်ဦးဖြစ်ကြောင်း သမိုင်းမှာ ကျန်ခဲ့တာ သက်သေပဲ။

မွန္တလေး ဦးတင်အေး

ဦးနန်းဝေဟာ တက္ကသိုလ်မြေမှ ထွက်ပေါ်လာတဲ့ ပန်းချီဆရာဖြစ်ပါတယ်။ ပန်းချီဝါသနာရှိတဲ့ တက္ကသိုလ် ကျောင်းသား/ ကျောင်းသူ အဟောင်းအသစ်များ အပေါ်မှာ သံယောဇဉ် အလွန်ကြီးတာ တွေ့ရပါတယ်။ ထိုကျောင်းသား/ ကျောင်းသူတို့ရဲ့ ပန်းချီလှုပ်ရှားမှုများကိုလည်း သူ အားပေးတာ တွေ့ရပါတယ်။

ကြီးမြင့်စော

ကျွန်တော့်အတွက် တရိုက်မက်မက် ဖြစ်နေရသည်က ပိန်းချထားသော မြင်းကပါ မနုဟာဘုရားကြီး၏ ရွှေ သင်္ကန်းအပေါ်မှ အံ့မခန်းစရာ ရေးချက်များပင် ဖြစ် သည်။ တကယ်ပင် ပကတိ ""ရွှေ"" ထိုး ပန်းချီကား၏ "ရွှေ"အကြောင်းကို ပန်းချီဆရာအချင်းချင်းလည်း ပြော မဆုံးကြ။ ပန်းချီဝေဖန်ရေးဆရာများကလည်း ချီးမွမ်း ဖွင့်ဆို မဆုံးကြ။

ပန်းချီဝသုန်

သူသည် ရိုးသားသည်။ မျှတသည်၊ လောဘမထား၊ ဒေါသမရှိ၊ စကားသိပ်မပြော၊ အေးအေးဆေးဆေး နေတတ်သည်၊ သူ့အာရုံနှင့် သူ့ဘဝကို ကျေနပ်နေသူ ဖြစ်ပါသည်။

ကြည်ဝင်း(ရန်ကင်း)


၁။ နိဒါန်း 4
၂။ မွေးဖွားခြင်း၏ အစ 8
၃။ ဆရာနန်း၏မျိုးရိုး 9
၄။ ငယ်စဉ်ဘဝမှာပညာရှာ 12
၅။ သင်ဆရာနှင့် မြင်ဆရာ 14
၆။ ပန်းချီခန်းနှင့် ဆရာနန်း 22
၇။ တက္ကသိုလ်ရွှေရတုနှင့် ဆရာနန်း 23
၈။ "အ" သုံးလုံးနှင့် ဆရာနန်း(၁-၂) 26
၉။ တက္ကသိုလ်စိန်ရတုနှင့် ဆရာနန်း 30
၁၀။ ဆရာနန်းသေပြီ 31
၁၁။ စိန်ရတုမွေးနေ့အကြိုနှင့် ဆရာနန်း 32
၁၂။ စိန်ရတုမွေးနေ့နှင့် ဆရာနန်း 38
၁၃။ ဆရာနန်း၏ နောက်ဆုံးတစ်ကိုယ်တော် ပန်းချီပြပွဲ 39
၁၄။ သေဆုံးခြင်း၏ နိဂုံး 41
၁၅။ အနုပညာလှုပ်ရှားမှုများနှင့် ဆရာနန်း 46
၁၆။ ဦးနန်းဝေ ပါဝင်ပြသခဲ့သော ပြပွဲ ကတ်တလောက်အချို့ 53
၁၇။ ဆရာနန်း၏ ပန်းချီကားများအကြောင်း 70
၁၈။ ဆရာနန်းနှင့် ပတ်သက်ခဲ့သည်များ 131
(က) ရွှေရတုပန်းချီကားများနှင့် ဆရာနန်း 132
(ခ) ပျက်ဆီးဆုံးရှုံးမှုများနှင့် ဆရာနန်း 133
(ဂ) မော်ဒယ်လ်(Model)များနှင့် ဆရာနန်း 135
(ဃ) နိုင်ငံရေးနှင့် ဆရာနန်း 137
(င) လိပ်ခုံးနှင့် ဆရာနန်း 139
(စ) ကျောက်စီပန်းချီနှင့် ဆရာနန်း 142
(ဆ) ကန့်ကော်ရွာနှင့်ဆရာနန်း 145
(ဇ) ယမကာနှင့် ဆရာနန်း 146
(ဈ) နက္ခတ်ဆရာများနှင့် ဆရာနန်း 148
(ည) မာမီသန်းနှင့် ဆရာနန်း 151
(ဋ) ဦးတင့်ဝေနှင့် ဆရာနန်း 158
၁၉။ သူတို့ပြောသော ဆရာနန်းအကြောင်း 163
၂၀။ ဆရာနန်းထံမှ စာတိုပေစများ 229
၂၁။ နံရံဆေးရေးပန်းချီပုံများ 239
၂၂။ ဆရာနန်း၏ပုံရိပ်များ 251
၂၃။ ဆရာနန်း၏ မွေးနေ့ပွဲအတွက် သူတို့ရေးသော အမှတ်တရစာသားများ 254
၂၄။ ဆရာနန်းထံသို့ ပို့စာများ။ 270
၂၅။ ဆရာနန်းရေးခဲ့သော သုတ၊ ရသစာပေများ 282
၂၆။ မြန်မာမှုနှင့် ဆရာနန်း 325
၂၇။ သူတို့ဆွဲခဲ့သော ဆရာနန်း၏ ပုံများ 336
၂၈။ မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများစာရင်း 344
၂၉။ ဓါတ်ပုံ၊ ပန်းချီ၊ ပို့စကတ်၊ စာအုပ်၊ စာတမ်း၊ စာစောင်၊ ကတ်တလောက်၊ ပြက္ခဒိန်၊ စာရွက်စာတမ်းများအား ကူညီရှာဖွေ ငှားရမ်းကြသူများစာရင်း 345
၃၀။ တွေ့ဆုံမေးမြန်းခဲ့သော ပုဂ္ဂိုလ်များစာရင်း 346